# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 25 , 2025 | Volume 93, Number 17


| ၂၅. ၈.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၇.၂၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၀၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၄.၅၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၆၃.၅၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၄ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်ပို့မှု ရပ်နားသွားပြီးနောက် အိန္ဒိယနိုင်ငံသို့ ဆက်လက်တင်ပို့နေ



ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်ပို့မှု ရပ်နားသွားပြီးနောက် အိန္ဒိယနိုင်ငံသို့ ဆက်လက်တင်ပို့နေကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြည်တွင်းပြောင်းတင်ပို့မှုကို သြဂုတ်လကုန်တွင် ရပ်နားသွားတော့မည်ဖြစ်ပြီး ပြည်ပတင်ပို့မှုအနေဖြင့် လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသို့ ဆက်လက်တင်ပို့နေသော်လည်း ပြောင်းဈေးကွက်မှာ ဈေးကျဆင်းနေရာ ပြည်တွင်းပြောင်းတစ်ပိဿာလျှင်ငွေကျပ် ၁၇၀၀အောက်ဈေးသာ ရရှိကြောင်း၊ ပြည်တွင်းပြောင်းကုန်သည်များအနေဖြင့် ထိုင်းနိုင်ငံသို့တင်ပို့ရာတွင်လည်း ဈေးကောင်းရရန်မျှော်လင့်ခဲ့သော်လည်း ပြောင်းရာသီကုန်ခါနီးတွင် ပြောင်းတင်ပို့ခွင့်ရက်ကြာမြင့်ခဲ့သလို ပြောင်းတင်ပို့မှုနည်းခဲ့ကြောင်း ပြည်တွင်းပြောင်းလက်ကျန်များမှာ ကယားပြည်နယ်ဒေသတွင်အနည်းငယ်ကျန်ရှိပြီး ပြည်တွင်းပြောင်းကုန်သည်များထံတွင်လည်း လက်ကျန်ပြောင်းများရှိနေရာ အိန္ဒိယနိုင်ငံသို့ ဆက်လက်တင်ပို့လျက်ရှိကြောင်း ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

“ပြည်တွင်းဈေးကွက် ပို့ကုန်ဝင်ငွေရရှိရေးအတွက် တင်ပို့နေသည့် ပြောင်းတင်ပို့သူများအနေဖြင့် အိန္ဒိယနိုင်ငံကိုတင်ပို့နေပါတယ်။ထိုင်းနဲ့ဆက်စပ်သည့် ပြောင်းတင်ပို့မှုတွေ ရပ်နားသွားပါပြီး ၊ထိုင်းနိုင်ငံ အခွန် လွတ်တင်ပို့ရာတွင်လည်း ပြောင်းဈေးကောင်းရနိုင်ရန် မျှော်လင့်ပြီးလှောင်ထားသည့် ပြောင်းများ ဈေးကောင်းမရှိခဲ့ပါဘူး၊ထိုင်းနိုင်ငံက ပြောင်းဈေးကောင်းကောင်းမရရှိခဲ့တော့ ဇူလိုင်လအတွင်းမှာ သင်္ဘော ၆ စီးလောက် အမြန်တင်ပို့ခဲ့ပါတယ်။ဒီရက်ပိုင်းမှာလည်း ပြောင်းဈေးကျတာရော၊သင်္ဘောတင်ပို့ခွင့် ရက်ကြာ

တာနဲ့ဆိုတော့ ထိုင်းနိုင်ငံကို ပြောင်းတင်ပို့နိုင်မှုနည်းခဲ့ပါတယ်။ထိုင်းနိုင်ငံကို မျှော်မှန်းထားသလောက် တင်ပို့နိုင်ခြင်းမရှိခဲ့ပါဘူး။ လက်ရှိမှာ အိန္ဒိယနိုင်ငံကို ဆက်လက်တင်ပို့နေတယ်ဆိုပေမဲ့ ရန်ကုန်အရောက်ဈေးအမြင့်တွေနဲ့လှောင်ထားတာဖြစ်လို့ အရှုံးခံ တင်ပို့နေခြင်းဖြစ်ပါတယ်။ပြည်တွင်း ပြောင်းလက်ကျန်ကလည်း ကယားဒေသလောက်မှာသာ အနည်းငယ်ကျန်ရှိနေပါတယ်။ လက်ရှိမှာ ပြောင်းစိုက်ပျိုးချိန်ကလည်း စတင်နေပြီဖြစ်တော့ ပြောင်းစိုက်ပျိုးမှုကလည်း လျော့ကျနိုင်ပါတယ်။ လက်ကျန် ပြောင်းများကတော့ အိန္ဒိယဈေးကွက်ကို အမှီပြုရောင်းချရခြင်းနဲ့ပြည်တွင်းအစာစက်ရုံဈေးကွက်ကိုသာ ရောင်းချရန် ကျန်တော့ လို့ဈေးကောင်းရရှိစရာတော့ မရရှိပါဘူး။ပြည်တွင်းပြောင်းစိုက်တောင်သူတွေကတော့ ပြောင်းမျိုးစေ့တွေကို ဈေးကြီးပေးဝယ် စိုက်ပျိုးနေရပါတယ်”ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပြောင်းများကို ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၀ ရက်ထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နေရာ နယ်စပ်ကုန်သွယ်မှုထက် ပင်လယ်ရေကြောင်းမှ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် တစ်သန်းကျော် အဓိကတင်ပို့ခဲ့ခြင်း ဖြစ်သည်။

လက်ကျန်ပြောင်းများကို လက်ရှိမှာ အိန္ဒိယနိုင်ငံအပါအဝင် အခြားပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းနှင့် ပြည်တွင်းအစာ ဈေးကွက်တွင် သုံးစွဲလျက်ရှိသည်။

**Source : မကွေးဂျာနယ်**

## နေလှန်းဆားများ ဈေးကောင်းရရှိနေ



ရောဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် နေလှန်းဆားပိဿာ ၁၀၀ လျှင် ၅၅,၀၀၀ ကျပ်အထိ ဈေးကောင်းရရှိနေကြောင်း ဆား လုပ်ငန်းလုပ်ကိုင်သူများထံက သိရသည်။

“ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနေပါတယ်။အခုလို အရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေအလုပ်အကိုင် အခွင့် အလမ်းရရှိပြီး အဆင်ပြေလာပါတယ်”ဟု ဆားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကပြောသည်။

အဆိုပါ ဒေသထွက်နေလှန်းဆားများကိုငါးပိ၊ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကထား အသုံးပြုကြ ကြောင်းလည်းသိရသည်။

လက်ရှိတွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတမှုရှိလာသဖြင့် ဒေသဈေးကွက်အတွင်း ဆားဈေးနှုန်းများတည်ငြိမ်ကျဆင်းလာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ညှော်မထဆန်(ဟောင်း)ဈေးကျဆင်းကာ ညှော်မထဆန်(သစ်)၊ ပေါ်ဆန်းမွှေးဆန်နှင့် ဆန်ကွဲဈေးများ တည်ငြိမ်လျက်ရှိပြီး ဖွဲနုဈေးမြင့်တက်

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၁၅.၈.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန် မနောသုခ (ဟောင်း) တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၆၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ဆန်ကွဲB(2,3,4)တစ်အိတ် ၄၀၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၄၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၂.၈.၂၀၂၅) ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ဧည့်မထဆန် (မနောသုခ) (သစ်)တစ်အိတ် ၆၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇၀,၀၀ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ်၅၀၀၀ ကျပ်ဈေးကျ၍ ဖွဲနုတစ်အိတ် ၂၄၀၀ကျပ်ဈေးမြင့်တက်ကာ ဧည့်မထဆန် (မနောသုခ)(သစ်)၊ ပေါ်ဆန်းမွှေးဆန် နှင့် ဆန်ကွဲဈေးများ တည်ငြိမ်လျက် ရှိသည်။

ဖွဲနုဈေးမြင့်တက်သွားခြင်းမှာ စပါးဈေးကျ၍ဆန်ကြိတ်ခွဲမှုနည်းကာကုန်ကြမ်းနည်းပြီးဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားသည်။

ဧည့်မထဆန်(မနောသုခ)ဟောင်းဈေးကျဆင်းသွားခြင်းမှာ စပါးဈေးကျ၍ ဆန်ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ရှမ်းကြက်သွန်ဖြူများ ဈေးတက်လာ




လက်ရှိတရုတ်နိုင်ငံမှဝင်သော ကြူကုတ်ကြက်သွန်များ ဈေးကွက်တွင် ပစ္စည်းပျက်သွားခြင်းကြောင့် ကျဆင်းနေသည့် ရှမ်း ကြက်သွန်များ ဈေးပြန်ကောင်းလာကြောင်း ဈေးကွက်မှ သိရသည်။

"ကြူကုတ်ကြက်သွန် ဈေးကွက်ထဲပစ္စည်းပြတ်သွားလို့ ရှမ်းကြက်သွန်ဈေးပြန်တက်လာပါတယ်။ ဈေးကွက်အရ ကြူကုတ်မရှိရင် ရှမ်းက ထိုးတက်မှာ။ ရှမ်းမရှိရင် ကြူကုတ်က တက်တယ်။ ရှမ်းမြောက်ပိတ် ထားတာတို့၊လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတို့ဆိုရင် ကြူကုတ်အဝင်နည်းသွား မှာပဲ" ဟု exporter တစ်ဦး က ပြောသည်။

လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ထူး-၂တစ်ပိဿာလျှင် ၄၅၀၀ ကျပ်နှင့် အောင်ပန်း ထူး ၃ တစ်ပိဿာ လျှင် ၅၅၀၀ ကျပ်နှင့် အောင်ပန်း ထူး -၄ တစ်ပိဿာလျှင် ၆၅၀၀ ကျပ် ၊ အောင်ပန်း ထူး- ၅ တစ်ပိဿာလျှင် ၇၅၀၀ အထိ ၊ပေါက်ဈေးရှိပြီး တစ်ပိဿာလျှင် ၅၀၀ ကျပ် မှ ၇၀၀ ကျပ်အထိ ပြန် လည် မြင့်တက်လာကြောင်း တွေ့ရသည်။

ထို့ပြင် ကြက်သွန်ဖြူ ကြူကုတ်ရှယ် တစ်ပိဿာလျှင်၁၈,၅၀၀မှ ၁၉,၀၀၀ ကျပ် အထိပေါက်ဈေးရှိကြောင်းလည်း သိရသည်။

ထို့ကြောင့် ဈေးတက်ချိန်တွင် အမြန်ဆုံးထုတ်ရောင်းသင့်ကြောင်း ဆက်လှောင်ထားရန် မသင့်သည့် ကုန်စည်ဖြစ်ကြောင်း ဈေးကွက် နားလည်သူများက သုံးသပ်ကြသည်။

ဈေးပြန်တက်လာသည့်အတွက် ကြက်သွန်စိုက်တောင်သူများအတွက် ပြန်လည်အဆင်ပြေလာမည် ဖြစ်ကြောင်း သိရသည်။

ကြက်သွန်ဖြူကို ပြည်တွင်း၌ အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ စတင်စိုက်ပျိုးကြခြင်းဖြစ်ပြီး လက်ကျန်နည်းနေပြီဖြစ်ကြောင်းလည်းသိရသည်။

“အရင်အပတ်ကဆို ဝယ်မဲ့သူကို မရှိဘူး၊ အခုက တောင်သူတွေ ပြန်အဆင်ပြေလာနိုင်တဲ့အနေအထားပါ၊ ဈေးတက်ချိန်တွင် အမြန်ဆုံး ထုတ်ရောင်းသင့်ပါတယ်“ဟု အောင်ပန်းမှ ကုန်သည်တစ်ဦးကပြောထားသည်။

လက်ရှိ တချို့ဒေသများတွင် ရေကြီးရေလျှံဖြစ်ပေါ်နေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အဝင်နည်းလာ၍ ရှမ်းကြက်သွန်ဖြူများအပြင် တရုတ်ကြူကုတ် ကြက်သွန်များပါ အမြင့်ဈေးတွင်ရှိနေခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ယင်းအပြင် ထူး -၁တစ်ပိဿာလျှင် ၄၅၀၀ကျပ် ၊ အောင်ပန်း ထူး-၂ တစ်ပိဿာလျှင် ၅၅၀၀ကျပ်နှင့် အောင်ပန်းထူး – ၃ တစ်ပိဿာလျှင် ၆၀၀၀ ကျပ် ၊ နှင့် အောင်ပန်း ထူး- ၄ တစ်ပိဿာ လျှင် ၇၅၀၀ ၊ ထူး-၅ တစ်ပိဿာလျှင် ၈၀၀၀ ကျပ် အထိ အသီးသီးပေါက်ဈေးရှိကြောင်း သိရသည်။

ကြက်သွန်ဖြူအား ရှမ်းပြည်နယ် အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ ပင်လောင်းမြို့နယ်နှင့် ဟိုပုံးမြို့တို့မှာ အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

**Source :** https://htwettoe.com/

## ကော့မှူးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်မျိုးစပါး စိုက်ပျိုးပြီးစီးမှုအခြေအနေ




ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၌ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါး ၈၈,၀၈၇ ဧက လျာထားထွန်ယက် စိုက်ပျိုးလျက်ရှိရာ ဩဂုတ် လ ၄ ရက်နေ့ထိ ၈၂,၂၀၃ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ် ကြောင်း ကော့မှူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ကော့မှူးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းမွန်သော စပါးမျိုးများ ရွေးချယ်စိုက်ပျိုးရေး သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများနှင့် သီးနှံမျိုးစေ့များကို ကူညီပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပြီး ပိုးမွှားရောဂါများကျရောက်မှုမရှိစေရေးကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကိုလည်း သက်ဆိုင်ရာဌာနများမှ ကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍အသိပညာပေးဆောင်ရွက်လျက်ရှိရာ မိုးစပါးစိုက်ပျိုးလျာထား ၈၈,၀၈၇ ဧကစိုက်ပျိုးလျက်ရှိပြီး ယခုအချိန်အထိ မြေယာထွန်ယက်ပြီးစီးမှု ၈၇,၆၉၈ ဧက ထွန်ယက်ရန်ကျန် ၃၈၉ ဧက စိုက်ပျိုးပြီး ၈၂,၂၀၃ ဧကနှင့် စိုက်ပျိုး ရန် ကျန် ၅၈၈၄ ဧကသာ ကျန်ရှိတော့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source : DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## အိန္ဒိယနှင့် အမေရိကန် နှစ်ဖက်စလုံးအတွက် လယ်ယာကုန်သွယ်မှုက အကျိုးရှိနိုင်

အမေရိကန်က အိန္ဒိယအပေါ်အကောက်ခွန်နှုန်း ၅၀ ရာခိုင်နှုန်းသတ်မှတ်ပြီးနောက်ရပ်တန့်လျက်ရှိသော နှစ်ဖက်ကုန်သွယ်ရေး ဆွေးနွေးပွဲများအတွင်း ဝန်ကြီးချုပ်မိုဒီက အိန္ဒိယလယ်သမားများ၊ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တံငါသည်များ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် အပေးအယူကို ဘယ်တော့မှမလုပ်ဟုပြောကြားခဲ့မှုက အစိုးရ၏ရပ်တည်ချက်ကို အရှင်းလင်းဆုံး ထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်၏ လယ်ယာထွက်ကုန်များဖြစ်သော မျိုးရိုးဗီဇပြုပြင်ထားသည့် ပြောင်းနှင့် ပဲပုပ်၊ အီသနောနှင့် နို့ထွက်ပစ္စည်းများကို အိန္ဒိယဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအပေါ် အငြင်းပွားမှုများရှိနေကြောင်း The Indian Express သတင်းစာတွင် ဖော်ပြထားသည်။

အိန္ဒိယကုန်စည်များအပေါ် ၅၀  ရာခိုင်နှုန်း အကောက်ခွန်စည်းကြပ်မှုသည် အိန္ဒိယက ရုရှားထံမှ ရေနံဝယ်ယူမှုအတွက် “ပြစ်ဒဏ်” အဖြစ် ၂၅ ရာခိုင်နှုန်း အခွန်ပါဝင်သည့်အချက်သည် ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် မိုဒီအစိုးရ၏ အပေးအယူဆောင်ရွက်နိုင်ခွင့်ကို ကျဉ်းမြောင်းသွားစေကြောင်း၊ ထို့ပြင် အရေးကြီးသော ကဏ္ဍများ၌ အနည်းငယ် လိုက်လျောမှုများ ပင်လျှင် နိုင်ငံတော်အကျိုးစီးပွားကို စွန့်လွှတ်သည်ဆိုသည့် စွပ်စွဲချက်များဖြစ်ပေါ်စေနိုင်ကြောင်း၊ လယ်ယာကုန်သွယ်မှုညှိနှိုင်းမှုများတွင် အိန္ဒိယနှင့် အကျိုးရှိရှိ ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများကို ထရမ့်က ခက်ခဲထားကြောင်း၊ သို့သော် နှစ်နိုင်ငံကြား လယ်ယာကုန်သွယ်မှုပမာဏသည် သိသိသာသာ တိုးတက်လာနေကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုသည် စံချိန်တင်မြင့်တက်လာဖွယ်ရှိကြောင်း၊ အိန္ဒိယက ကယ်လီဖိုးနီးယား ဗာဒံစေ့နှင့် ပိစတာရှိုစေ့ များ တိုးမြှင့်ဝယ်ယူခြင်းနှင့် အမေရိကန်က အန်ဒြာပရာဒက်ရှ်နှင့်အိုဒီရှာတို့မှ ရေခဲရိုက်ပုစွန်ထုတ်များ တိုးမြင့်ဝယ်ယူခြင်းတို့သည် နှစ်နိုင်ငံ အနေဖြင့် လယ်ယာကဏ္ဍတွင် နှိုင်းယှဉ်အကျိုးကျေးဇူးများရရှိနိုင်သည်ကို ဖော်ပြနေကြောင်း The Indian Express သတင်းစာ က တင်ပြထားသည်။

လက်ရှိအခြေအနေတွင် ရပ်တန့်နေသောကုန်သွယ်ရေးဆွေးနွေးပွဲများကို ပြန်လည်ရှင်သန်စေခြင်းသည် စိန်ခေါ်မှုရှိကြောင်း နှင့် လယ်ယာကုန်သွယ်မှုကို မြှင့်တင်ရန်မှာ နိုင်ငံရေးအရ ပို၍ခက်ခဲကြောင်း၊ ပြီးခဲ့သည့်နှစ်က အိန္ဒိယသို့ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော်တန် အစေ့အဆန်များကို အမေရိကန်က ပဋိပက္ခမဖြစ်စေဘဲ တင်ပို့ခဲ့မှုကို သမ္မတထံ အကြံပြုနိုင်သလို အိန္ဒိယအနေဖြင့်ပင်လယ်စာထွက်ကုန်များ၊ဘာစမာတီဆန်၊ဟင်းခတ်အမွှေးအကြိုင်များနှင့်အခြားအမွှေးဆီများအား အမေရိကန်သို့ တင်ပို့မှုတိုးချဲ့နိုင်ပြီး ကြက်မွေးမြူရေးနှင့် နွားစာအတွက် အမေရိကန်မှ ပြောင်းဖူးနှင့် ပဲပုပ်တို့ကို တင်သွင်းနိုင်ကြောင်း၊ The Indian Express သတင်းစာက ရေးသားထားသည်။

**Source :** **https://indianexpress.com**

https://commerce.gov.mm/

## နီပေါနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက် ကို လက်ခံခဲ့ပြီး အဆိုပါသဘောတူညီချက်အသက်ဝင်ရန် ၃ နိုင်ငံသာ လိုအပ်




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်အား နီပေါနိုင်ငံက လက်ခံကြောင်း အကြောင်းကြားစာကို WTO ဆိုင်ရာ နီပေါသံအမတ်ကြီး Ram Prasad Subedi မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဩဂုတ်လ ၁၈ ရက်နေ့တွင် ပေးအပ်ခဲ့ပြီးအဆိုပါသဘောတူညီချက် အသက်ဝင်ရန် နောက်ထပ် ၃ နိုင်ငံသာ လိုအပ်ပါတော့သည်။

ညွှန်ကြားရေးမှူးချုပ်က သမုဒ္ဒရာများ သက်တမ်းရှည်ရေး စုပေါင်းအားဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အန္တရာယ်ရှိသော ငါးဖမ်းလုပ်ငန်းအား ထောက်ပံ့ပေးမှုများကို တားဆီးခြင်းက အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ နီပေါအနေဖြင့် ကုန်းတွင်းပိတ်၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်သော်လည်း ဦးဆောင်ပါဝင်ခဲ့သောကြောင့် ကျေးဇူးတင်ကြောင်း၊ နီပေါ၏ အတည်ပြုချက်ဖြင့် ငါးလုပ်ငန်းအပေါ် ထောက်ပံ့ကူညီမှုဆိုင်ရာ သဘောတူညီချက်ကို အသက်ဝင်စေမည့် နယ်ခြားမျဉ်းကို ဖြတ်ကျော်ရန် ပို၍နီးကပ်လာကြောင်း၊ နောက်ထပ်သုံးနိုင်ငံသာလိုတော့ကြောင်း ပြောကြားခဲ့သည်။

WTO ဆိုင်ရာ နီပေါသံအမတ်ကြီး Subedi က ယခုကဲ့သို့ ငါးလုပ်ငန်းအပေါ် ထောက်ပံ့ကူညီမှုဆိုင်ရာ သဘောတူညီချက်ကို လက်ခံကြောင်းတင်ပြနိုင်မှုအပေါ်ဝမ်းမြောက်ကြောင်းနှင့်နီပေါ၏နိုင်ငံစုံကုန်သွယ်မှုကတိကဝတ်ကို ထပ်မံသေချာစေခဲ့ ကြောင်း၊ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော်လည်း အခြား WTO အဖွဲ့ဝင်များနှင့်အတူ အဏ္ဏဝါအရင်းအမြစ်များကို ရေရှည်အသုံးပြုရန် တာဝန်ရှိကြောင်း၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာတစ်ဝှန်း လူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကြောင်းအတွက် အဏ္ဏဝါဂေဟစနစ်များ ကောင်းမွန်ရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၂ ကြိမ်မြောက်ဝန်ကြီးများအဆင့်ညီလာခံ၌ တူညီဆန္ဒဖြင့်သဘောတူညီခဲ့သည့် ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာတစ်ဝှန်းငါးလျော့နည်းလာစေသည့် အထောက်အပံ့များမပေးရေးအတွက် ကဏ္ဍစုံစည်းမျဉ်းသစ်များ ပြဋ္ဌာန်းထားသည်။

အဆိုပါ သဘောတူညီချက်တွင် တရားမဝင်၊စာရင်းမှတ်ထားခြင်းမရှိ၊ဥပဒေအရထိန်းကျောင်းခြင်းမရှိသည့် ငါးဖမ်းခြင်းများ (illegal, unreported and unregulated – IUU) အတွက် အထောက်အပံ့များကို တားမြစ်ခြင်း၊ ငါးလျော့နည်းလာစေသည့် အလွန်အကျွံငါးဖမ်းမှုကိုတားမြစ်ခြင်းနှင့်ကမ်းဝေးပင်လယ်ပြင်တွင် စည်းကမ်းလိုက်နာမှုမရှိသောငါးဖမ်းခြင်းအတွက် အထောက်အပံ့များကို အဆုံးသတ်စေခြင်းတို့ပါဝင်သည်။

ထို့ပြင် အဆိုပါသဘောတူညီချက်၏ တာဝန်များကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) ၏ လိုအပ်ချက်များကို အသိအမှတ်ပြု၍ နည်းပညာဆိုင်ရာ အကူအညီထောက်ပံ့ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ထားသည်။

အဆိုပါရန်ပုံငွေ (Fish Fund) က သဘောတူညီချက်ကို လက်ခံထားသောဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖွဲ့ဝင်များအား သဘောတူညီချက်အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် စီမံကိန်းများအဆိုပြုရန် ဇွန်လ ၆ ရက် နေ့က ဖိတ်ခေါ်ခဲ့သည်။လက်ရှိသဘောတူညီချက်ကို အဆင့်မြှင့်တင်ရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းလိုသည့် အချက်များ ရရှိနိုင်ရေး အဖွဲ့ဝင်နိုင်ငံများက ဆက်လက်ညှိနှိုင်းလျက်ရှိသည်။

**Source : www.wto.org**

https://commerce.gov.mm/

## အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အမေရိကန်ဒေါ်လာ ၁၈၄ သန်း အထောက်အပံ့ရရှိမည့် ဇမ်ဘီယာနိုင်ငံ




ဇမ်ဘီယာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) ထံမှ အမေရိကန်ဒေါ်လာ ၁၈၄ သန်းခန့်အား ကမ္ဘာလုံးဆိုင်ရာ ငွေချေးသူမှ ပံ့ပိုးပေးသည့် Extended Credit Facility (ECF) အောက်တွင် အထောက်အပံ့ရရှိမည်ဖြစ်ကြောင်းသိရသည်။

ဇမ်ဘီယာအစိုးရသည် စီးပွားရေးစီမံကိန်း ခန့်ခွဲမှုနှင့်ပတ်သက်၍တက်ကြွလျက်ရှိကြောင်း IMF က ဇူလိုင်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ဖမ်ဘီယာနိုင်ငံသည် ၎င်း၏စီးပွားရေးပစ်မှတ်အများစုကို ပြည့်မီအောင် ကောင်းမွန်စွာ လုပ်ဆောင်နေကြောင်း၊ အဓိက ကဏ္ဍများတွင် ကောင်းမွန်သော ဘဏ္ဍာရေးနှင့် အသုံးစရိတ်များကို ကောင်းစွာ ပြသနိုင်ရန်လုပ်ဆောင်နေကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

ကြေညာချက် အရ IMF အစီအစဉ်ဖြင့် ဖမ်ဘီယာနိုင်ငံသို့ ထောက်ပံ့ထားသည့် စုစုပေါင်းငွေကြေးပမာဏသည် ၂၀၂၂ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်းသိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (25.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,394 (Shares) | 12,776,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,300 | 7,200 | 817 | 5,884,400 | 33,109,694 | 238,390 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 520 | 1,589,500 | 38,929,150 | 120,680 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 9 | 69,300 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 5 | 10,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 851 | 2,212,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 551 | 921,700 | 19,977,223 | 33,961 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,250 | 3,400 | 3,250 | 71 | 236,350 | 10,497,598 | 35,692 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 570 | 1,852,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Aug. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.90 | +0.00 | +0.00% | 358.87 | 360.85 | 358.04 | 3,394 | 12,776,350 | 8 | 678,846 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Aug. 2025

| Trading Volume | Trading Value |
|---|---|
| 4,094 (Shares) | 14,771,350 (MMK) |

## Main Board

As of 1:00 pm, 21st Aug. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,394 (Shares) | 12,776,350 (MMK) |

| MYANPIX | 359.90 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,394 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,846 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,400 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR